# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၁ ခုနှစ်၊ ပဌမဝါဆိုလပြည့်ကျော် ၁၁ ရက်၊

(၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်။)

## ၁၉၆၉ ခုနှစ်၊ ပြည်ထောင်စု သတ္တုတွင်းများနှင့် သတ္တုများ အက်ဥပဒေကိုပြင်သည့် ဥပဒေ

[၁၉၆၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၉ ခုနှစ်၊ ပြည်ထောင်စု သတ္တုတွင်းများနှင့် သတ္တုများအက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၁ ခုနှစ်၊ ပြည်ထောင်စုသတ္တုတွင်းများနှင့် သတ္တုများ အက်ဥပဒေ၊ ပုဒ်မ ၇ နောက်တွင် အောက်ပါကို ပုဒ်မ ၇-က အဖြစ် ထည့်သွင်းရမည်။

"၇-က။ ။ပြည်သူ့ ဘော်တွင်း လုပ်ငန်းသည်၊ သတ္တုစူးစမ်းမှု (Exploration)၊ သို့မဟုတ် ရှာဖွေမှု (Prospecting)၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှု (Mining) ပြုလုပ်ရာ၌ အဆိုပါ စူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် တရားဥပဒေများပါ လိုအပ်ချက်များမှ ကင်းလွတ်စေရမည်။ သို့ရာတွင် ထိုတရားဥပဒေများတွင် ပါရှိသည့် အဆိုပါ စူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုဆိုင်ရာ စနစ်တကျ လုပ်ငန်းဆောင်ရွက်မှု စည်းမျဉ်း သတ်မှတ်ချက်များ၊ ဘေးအန္တရာယ် ကာကွယ်ရေး ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။"

(ပုံ) ဗိုလ်စနေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

၁၃၃၁ ခုနှစ်၊ ပဌမဝါဆိုလပြည့်ကျော် ၁၁ ရက်၊

(၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။